# Dispute Resolution Process

မှော်ဘီစိုက်ပျိုးရေးသွင်းအားစုထုတ်လုပ်မှုစက်ရုံစီမံကိန်း စီမံကိန်းသည် ဖူးကြီးရေလှောင်ကန်နှင့်နီးခြင်း၊ အနံ့ဆိုးများထွက်ရှိခြင်း၊ ဒေသခံများနှင့်တွေ့ဆုံဆွေးနွေးမှုများ အားနည်းခြင်း၊ ကျန်းမာရေးထိခိုက်မှုဆိုင်ရာအချက်များရှိခြင်း စသည်ဖြင့် ဒေသခံကျေးရွာများမှ Compliance Advisor Ombudsman (CAO) ထံတိုင်ကြားချက်အရ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလမှစ၍ (CAO) မှ ကြီးမှူးပြီး အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် (Dispute Resolution- DR) ကို ဒေသခံများနှင့် မြန်မာ့သြဘာတို့မှ Ground Rules Agreement ဖြင့် လက်မှတ်ရေးထိုး ဆွေးနွေးခဲ့ကြပါသည်။ ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် CAO ပူးတွဲကော်မတီကို ဒေသခံဘက်မှ (၁၀)ဦး၊ ကုမ္ပဏီဘက်မှ(၅)ဦး၊ CAO မှ (၂) ဦး စုစုပေါင်း(၁၇) ဦးဖြင့် ဖွဲ့စည်းထားပြီး လစဉ် ပထမပတ်၏ တနင်္လာနေ့တိုင်း အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် အစည်းအဝေး ပြုလုပ်ပါသည်။ ဒေသခံဘက်မှ (၆)ဦး၊ ကုမ္ပဏီဘက်မှ(၃)ဦး၊ စုစုပေါင်း(၉)ဦး နှင့် CAO မှ အစည်းအဝေး တက်ရောက်မှသာ အထမြောက်ကြောင်း အခြေခံစည်းမျဉ်းချမှတ်ထားပါသည်။

၄။ မြန်မာ့သြဘာ၊ CAO နှင့် ဒေသခံ တို့သည့် အငြင်းပွားမှုဖြေရှင်းရေးလုပ်ငန်းစဥ်အား အောက်ပါအချက်များပေါ် မူတည်၍ အဓိကထားဆွေးနွေးမည်ဟု သဘောတူခဲ့ကြပါသည်။

- ရေညစ်ညမ်းမှုများ
- ဖုန်မှုန့်နှင့်အနံ့များ
- အလုပ်သမားရေးရာများ
- ဒေသန္တရသဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများ
- လမ်းအသုံးပြုခြင်းဆိုင်ရာများ
- ဒေသခံများနှင့် ဆွေးနွေးညှိနှိုင်းခြင်းများ
- ကျန်းမာရေးအပေါ် သက်ရောက်မှုများ
- ဌာနေတိုင်းရင်းသား ပြည်သူများအပေါ် သက်ရောက်မှုများ